ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ် ။စီမံကိန်း/သ - ၁၂/၄ ၂၇၂၇၂- ၈၈၁ /၂၀၁၃

ရက်စွဲ ။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ( ၂၇ )ရက်

သို့

ညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာန

နေပြည်တော်ကောင်စီ/......................တိုင်းဒေသကြီး/.....................ပြည်နယ်

အကြောင်းအရာ ။ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးထားသော သစ်တောသစ်ပင်များအား မှတ်ပုံတင်စာရင်း ရေးသွင်းထားရှိရန်ကိစ္စ

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးထားသော သစ်တောသစ်ပင်များအား သစ်တောဦးစီးဌာနတွင် မှတ်ပုံတွင်စာရင်းရေးသွင်းထားရှိနိုင်ရေးအတွက် မှတ်ပုံတင်စာရင်းပုံစံ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်၊ အခွင့်အရေးများနှင့် ကွင်းဆင်းစစ်ဆေးချက် မှတ်တမ်းပုံစံတို့ကို ပူးတွဲပေးပို့အပ်ပါသည်။

၂။ ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်းများမှ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးထားသော သစ်တောသစ်ပင်များအား မှတ်ပုံတင်စာရင်း ရေးသွင်းထားရှိပေးရန် တင်ပြလျှောက်ထားလာပါက ပူးတွဲပါပုံစံများအတိုင်း စနစ်တကျ စာရင်းရေးသွင်းထားရှိ၍ ဆောင်ရွက်ပြီးစီးမှုကို အချိန်နှင့်တပြေးညီ ပြန်လည်တင်ပြရန် အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

[ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူကို

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံးစာတွဲ၊ သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူး၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန၊ သစ်တောဦးစီးဌာန

မျှောစာတွဲ

ရုံးလက်ခံ

D:\STD\WinNaing\Plantation & No plantation\NoPlantation_Project year end.docx

## သစ်တောနယ်မြေပြင်ပတွင်
## စိုက်ပျိုးထားသောသစ်တောသစ်ပင်များအားမှတ်ပုံတင်စာရင်းရေးသွင်းခြင်း

**မူရင်း ORIGINAL**

စာအုပ်အမှတ် ____________ 　　　　　　　　　　　　　စာမျက်နှာနံပါတ် ________

......................ခရိုင် 　　　　　　　　　　　　　　　　　　မှတ်ပုံတင်အမှတ် ________

......................မြို့နယ် 　　　　　　　　　　　　　　　　　ရက်စွဲ----------------------

၁။ ကိုယ်ရေးအချက်အလက်များ

(က) ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီ/အဖွဲ့အစည်းအမည် -----------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -----------------------------------

(ဂ) နေရပ်လိပ်စာ -----------------------------------

(ဃ) ဖုန်းနံပါတ် -----------------------------------

၂။ စိုက်ပျိုးသည့်ခုနှစ် -----------------------------------

၃။ တည်နေရာ -----------------------------------

၄။ မြေပိုင်ဆိုင်မှု -----------------------------------

၅။ စိုက်ပျိုးသည့်သစ်မျိုး -----------------------------------

၆။ စိုက်ပျိုးသည့်ဧရိယာ/အပင်အရေအတွက် -----------------------------------

၇။ စိုက်ပင်များ၏ အကွာအဝေး -----------------------------------

၈။ စိုက်ပျိုးထားရှိမှု(သီးသန့်စိုက်ပျိုးထားခြင်းသို့မဟုတ် အခြားသစ်မျိုး/သီးနှံရောနှောစိုက်ပျိုးထားခြင်းနှင့်ပတ်သက်သည့် အချက်အလက်များ)

(က)သစ်မျိုး-------------------------

(ခ)သီးနှံ---------------------------

၉။ စစ်ဆေးချိန်တွင်တွေ့ရှိရသောသစ်မျိုးအလိုက်ရင်စို့လုံးပါတ်/အပင်အမြင့်/အပင်အရေအတွက် (နောက်ဆက်တွဲဇယားများဖြင့် ဖော်ပြရန်) -----------------------------------

၁၀။တည်နေရာပြမြေပုံနှင့် ဧရိယာပြမြေပုံ(ပူးတွဲဖော်ပြရန်) -----------------------------------

(စကေး ၁ လက္မ : ၁မိုင်၊ ၄ လက္မ : ၁ မိုင်)

မှတ်ပုံတင်စာရင်းရေးသွင်းသူ 　　　　　　　　　　　　　　　အတည်ပြုသူ

D:\Planning\Land Use Procedure\Private Register(Unclass).Docx

# သစ်တောနယ်မြေပြင်ပတွင်
# စိုက်ပျိုးထားသောသစ်တောသစ်ပင်များအားမှတ်ပုံတင်စာရင်းရေးသွင်းခြင်း

## မူရင်းခွဲ DUPLICATE

စာအုပ်အမှတ် ____________ စာမျက်နှာနံပါတ် __________

....................ခရိုင် မှတ်ပုံတင်အမှတ် ________

....................မြို့နယ် ရက်စွဲ ---------------------

၁။ ကိုယ်ရေးအချက်အလက်များ

(က) ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီ/အဖွဲ့အစည်းအမည် -------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -------------------------------------

(ဂ) နေရပ်လိပ်စာ -------------------------------------

(ဃ) ဖုန်းနံပါတ် -------------------------------------

၂။ စိုက်ပျိုးသည့်ခုနှစ် -------------------------------------

၃။ တည်နေရာ -------------------------------------

၄။ မြေပိုင်ဆိုင်မှု -------------------------------------

၅။ စိုက်ပျိုးသည့်သစ်မျိုး -------------------------------------

၆။ စိုက်ပျိုးသည့်ဧရိယာ/အပင်အရေအတွက် -------------------------------------

၇။ စိုက်ပင်များ၏ အကွာအဝေး -------------------------------------

၈။ စိုက်ပျိုးထားရှိမှု (သီးသန့်စိုက်ပျိုးထားခြင်းသို့မဟုတ် အခြားသစ်မျိုး/သီးနှံရောနှောစိုက်ပျိုးထားခြင်းနှင့်ပတ်သက်သည့် အချက်အလက်များ)

(က)သစ်မျိုး-----------------------

(ခ)သီးနှံ--------------------------

၉။ စစ်ဆေးချိန်တွင်တွေ့ရှိရသောသစ်မျိုးအလိုက် ရင်စို့လုံးပါတ်/အပင်အမြင့်/အပင်အရေအတွက် (နောက်ဆက်တွဲဇယားများဖြင့် ဖော်ပြရန်) -------------------------------------

၁၀။တည်နေရာပြမြေပုံနှင့် ဧရိယာပြမြေပုံ(ပူးတွဲဖော်ပြရန်) -------------------------------------

(စကေး ၁ လက္မ : ၁မိုင်၊ ၄ လက္မ : ၁ မိုင်)

မှတ်ပုံတင်စာရင်းရေးသွင်းသူ အတည်ပြုသူ

နောက်ဆက်တွဲ(က)

## ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း(နှစ်စဉ်)

တည်နေရာ -----------------  သစ်မျိုး -------------------

| စဉ် | ခုနှစ် | ကေ | စိုက်ပင် | ရှင်ပင် | | ပျမ်းမျှ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | အရေအတွက် | ရာခိုင်နှုန်း | ရင်စို့လုံးပတ် | အပင်အမြင့် | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

(လက်မှတ်)
လုပ်ငန်းရှင်/တာဝန်ခံအမည်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်
နေရပ်လိပ်စာ

(လက်မှတ်)
ကွင်းဆင်းစစ်ဆေးသူအမည်
ရာထူး
ဌာန

နောက်ဆက်တွဲ(ခ)

## ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း(၆ နှစ်သားအထက် စိုက်ခင်း/စိုက်ပင်)

တည်နေရာ ----------------- သစ်မျိုး -------------------

| အပင်အမှတ်စဉ် | ခုနှစ် | ရင်စို့လုံးပတ်အလိုက်အပင်အရေအတွက် | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | ၁' အောက် | ၁'၀" မှ ၁' ၁၁" | ၂'၀"မှ ၂'၁၁" | ၃'၀" မှ ၃' ၁၁" | ၄'၀" မှ ၄' ၁၁" | ၅'၀" မှ ၅' ၁၁" | ၆'၀" နှင့် အထက် | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

မှတ်ချက်။

(လက်မှတ်)
လုပ်ငန်းရှင်/တာဝန်ခံအမည်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်
နေရပ်လိပ်စာ

(လက်မှတ်)
ကွင်းဆင်းစစ်ဆေးသူအမည်
ရာထူး
ဌာန

## သစ်တောနယ်မြေပြင်ပတွင်
## ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်လုပ်ကိုင်သူများလိုက်နာဆောင်ရွက်ရမည့်
## စည်းကမ်းချက်များနှင့် အခွင့်အရေးများ

၁။ သစ်တောနယ်မြေပြင်ပတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်လုပ်ကိုင်သူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်လိုသောဧရိယာနှင့် နှစ်စဉ်စိုက်ပျိုးတည်ထောင်မည့် စီမံချက်ရေးဆွဲပြီးသစ်တောဦးစီးဌာန၏ အတည်ပြုချက်တောင်းခံရမည်။ တည်ထောင်စိုက်ပျိုးပြီး စိုက်ခင်းများ မှတ်ပုံတင်ခြင်းဖြစ်ပါက စိုက်ခင်းပြုစုထိန်းသိမ်းရေးစီမံချက်ရေးဆွဲပြီး သစ်တောဦးစီးဌာန၏ အတည်ပြုချက် တောင်းခံရမည်။

၃။ မှတ်ပုံတင်၍ ခွင့်ပြုထားသည့် မြေပေါ်တွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းကိုအနှောင့်အယှက် မပြုသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agro Forestry) မှအပ ယင်းမြေကို အခြားနည်းဖြင့် အသုံးပြုလိုပါကသစ်တောဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြားရမည်။

၄။ မှတ်ပုံတင်ထားသည့် မြေဧရိယာအတွင်းသဘာဝအတိုင်းပေါက်ရောက်နေသည့် ကျွန်းနှင့် တားမြစ် သစ်ပင်များကိုသစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖျက်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီးသို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းသို့မဟုတ် လက်ဝယ်ထားခြင်းမပြုရ။

၅။ မှတ်ပုံတင်ထားသည့် မြေဧရိယာအတွင်းမြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သီးခြားခွင့်ပြုချက်မရှိဘဲရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်ယူခြင်းမပြုရ။

၆။ မှတ်ပုံတင်ခွင့်ရရှိသူကွယ်လွန်လျှင် ၎င်း၏အမွေဆက်ခံခွင့်ရရှိသူက ခိုင်လုံသောအထောက် အထားများတင်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက် ဖြင့် ဆက်လက်မှတ်ပုံတင်ခွင့်ရှိသည်။

၇။ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရာတွင် အရည်အသွေးကောင်းမွန်သည့် စိုက်ခင်း ဖြစ်စေရေး၊ စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းစေရေးအတွက် မျိုးကောင်းမျိုးသန့် အပင်များမှ ခန္ဓာပိုင်းမျိုးပွားနည်း(Vegetative Propagation)ဖြင့် ထုတ်လုပ်ထားသည့် ပျိုးပင်များကို အတတ်နိုင်ဆုံး အသုံးပြုရမည့်အပြင် ရေရှည်တွင် မျိုးသန့်ဥယျာဉ်(Seed Orchard) တည်ထောင်ရမည်။

၈။ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရာတွင် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့် မြေဆီလွှာပျက်ဆီးခြင်းမရှိစေရေးအတွက် သစ်တောဦးစီးဌာန၏ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာနည်းစနစ်များနှင့် စည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်ရမည်။

၉။ နှစ်အလိုက် တည်ထောင်သည့် စိုက်ခင်းမှတ်တမ်းစာအုပ်ထားရှိ၍ လုပ်ငန်းဆောင်ရွက်ချက် များကိုအသေးစိတ် မှန်ကန်စွာဖြည့်စွက်ထားရှိရမည်။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများအခါ

အားလျော်စွာ လာရောက်ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များ၊ မှတ်ချက်ပြုခြင်းများရှိပါက ယင်းအကြံပြုချက်များ၊ မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၀။ နှစ်အလိုက် တည်ထောင်သည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတွင် ပင်ကျဲပ်နုတ်ခြင်းနှင့် နောက်ဆုံးတောထွက် (Final Yield) ထုတ်လုပ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာနည်းစနစ်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ပုဂ္ဂလိကသစ်တောစိုက်ခင်းမှ ပင်ကျဲပ်နုတ်ခြင်းနှင့် နောက်ဆုံးတောထွက် ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်သည့်အခါ သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် တံဆိပ်အမှတ်အသားများရိုက်မှတ်ပြီးမှ ခုတ်လှဲခြင်းနှင့် ထုတ်ယူခြင်းပြုရမည်။

၁၂။ ပုဂ္ဂလိကကျွန်းစိုက်ခင်းတွင်ပင်ကျဲပ်နုတ်ခြင်းမှ ကြားတောထွက်(Intermediate Yield) အဖြစ် ထုတ်လုပ်ထွက်ရှိသည့် ကျွန်းမျော၊ ကျွန်းတိုင်၊ ကျွန်းသစ်များကို စိုက်ပျိုးလုပ်ကိုင်သူက ရယူခံစားခွင့်ရှိသည်။ သို့သော် ပြည်ပသို့ တင်ပို့ရောင်းချပါက စုစုပေါင်းရရှိသည့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပေးသွင်းရမည်။

၁၃။ ပုဂ္ဂလိကကျွန်းစိုက်ခင်းမှ နောက်ဆုံးတောထွက် (Final Yield)အဖြစ် ထုတ်လုပ်ထွက်ရှိသည့် ကျွန်းသစ်များကို ပြည်တွင်းပြည်ပသို့ ရောင်းချသည့်အခါ စုစုပေါင်းရရှိသည့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပေးသွင်းရမည်။

၁၄။ မှတ်ပုံတင်ခွင့်ရရှိသည့် မြေပေါ်တွင် တည်ထောင်ထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းရောင်းချခွင့်ရှိသည်။ ထိုသို့ ရောင်းချသည့်အခါ လွှဲပြောင်းဝယ်ယူသူသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း တိကျစွာ ဆက်လက်လိုက်နာဆောင်ရွက်ရမည်။

၁၅။ စိုက်ခင်းဧရိယာ အနားပတ်လည်တွင် စိုက်ခင်းဘုတ်တိုင်နှင့် ဆိုင်းဘုတ်များ စိုက်ထူထားရှိရမည်။

၁၆။ စိုက်ခင်းပထမနှစ်မှ ပဉ္စမနှစ်အတွင်း မြေသြဇာကျွေးခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

၁၇။ စိုက်ခင်းဆဋ္ဌမနှစ်မှ ခုတ်လှဲချိန်အထိကြားကာလတွင် ရှင်းလင်းခြင်း၊ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ခြင်း၊ ပင်ကျဲပ်နုတ်ခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၈။ သက်ဆိုင်ရာဌာနမှ ထုတ်ပေးသောတရားဝင်မြေပိုင်ဆိုင်ကြောင်းအထောက်အထား တင်ပြရမည်။ မြေပိုင်ဆိုင်မှုကိစ္စအတွက် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ပုဂ္ဂလိကလုပ်ငန်းရှင်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။

၁၉။ နှစ်စဉ် ဒီဇင်ဘာလအတွင်း စိုက်ခင်းရှင်ပင်ရာခိုင်နှုန်း၊ အပင်လုံးပတ်နှင့် အမြင့်ကြီးထွားမှုတို့ကို ကွင်းဆင်းစာရင်းကောက်ယူ၍ သတ်မှတ်ပုံစံနှင့်အတူ သစ်တောဦးစီးဌာနသို့ တင်ပြရမည်။

၂၀။ အထက်ဖော်ပြပါ စည်းကမ်းချက်အပိုဒ်တစ်ခုခုကို ပြင်ဆင်လိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ခွင့်ရှိသည်။